ဥပဒေကြမ်းနှင့် ကြော်ငြာ

# နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကိုပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**

**၁၃၇၆ ခုနှစ်၊ လဆန်း/လဆုတ် ရက်**

**(၂၀၁၄ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကိုပြင်ဆင်သည့်ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၆။ (က) နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့်အဖွဲ့ဝင်သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦးနှင့်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး စုစုပေါင်းကိုးဦး၏ အမည်စာရင်းကိုလည်းကောင်း၊ ယင်းတို့အနက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏ အမည်ကို လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရမည်။

(ခ) ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် ရွေးချယ်ရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်း၍ဖြစ်စေ၊ နိုင်ငံတော်သမ္မတက သင့်လျော်သည်ဟု ယူဆသည့်နည်းလမ်းအရဖြစ်စေ ရွေးချယ်နိုင်သည်။”

၃။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ(ခ) ကိုအောက်ပါအတိုင်းအစားထိုးရမည်-

“(ခ) ပုဒ်မခွဲ(က)အရ တင်သွင်းသည့် တင်သွင်းလွှာတွင် အဆုံးအဖြတ်ပေးစေလိုသည့်အချက်မှာ အဓိပ္ပာယ်ဖွင့်ဆိုချက် သို့မဟုတ် ဆုံးဖြတ်ချက် သို့မဟုတ်သဘောထားရယူရန် ဖြစ်သည်ကို ရှင်းလင်းစွာဖော်ပြရမည်။”

၄။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၇ ၏ နောက်တွင် ပုဒ်မ ၁၇-က နှင့် ပုဒ်မ ၁၇-ခ တို့ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

“၁၇-က(၁) ပုဒ်မ ၁၃ နှင့် ၁၄ ပါ ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည် ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းလိုက်သော ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိမရှိစိစစ်၍ သဘောထားရယူရန် လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် စိစစ်ပြန်ကြားစေလိုသောအချက်ကိုဖော်ပြ၍ ခုံရုံးသို့ တင်သွင်းစိစစ်စေနိုင်သည်။

(၂) တင်သွင်းလွှာတွင် ကိုးကားသည့် အထောက်အထား၊ စာရွက်စာတမ်းများ ပြည့်စုံစွာ ပူးတွဲပါရှိစေရမည်။

(၃) ခုံရုံးသည် ပုဒ်မခွဲ(၁)အရ တင်သွင်းလာသော ကိစ္စရပ်ကို စိစစ်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ မှတ်တမ်းများ၊ ဥပဒေကြမ်းအပေါ်ဆွေးနွေးချက်များကို တောင်းခေါ်ကြည့်ရှုနိုင်သည်။

၁၇-ခ(၁) ပုဒ်မ ၁၃ နှင့် ၁၄ ပါ ပုဂ္ဂိုလ်များနှင့်အဖွဲ့အစည်းများသည် ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာ အာဏာပိုင်များ၏ ဆောင်ရွက်ချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိမရှိစိစစ်၍ သဘောထားရယူရန် လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် စိစစ်ပြန်ကြားစေလိုသော အချက်ကိုဖော်ပြ၍ ခုံရုံးသို့တင်သွင်းစိစစ်စေနိုင်သည်။

(၂) ခုံရုံးသည် ပုဒ်မခွဲ(၁)အရ တင်သွင်းလွှာကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာအာဏာပိုင်အား ယင်း၏ ဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ စာဖြင့်ရှင်းလင်းတင်ပြခွင့်ပေးရမည်။”

၅။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေအခန်း(၅) ၏ ခေါင်းစဉ်ကို အောက်ပါအတိုင်းအစားထိုးရမည်-

“တင်သွင်းလွှာကို စိစစ်ခြင်း၊ ကြားနာခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ သဘောထားပြန်ကြားခြင်း၊ ဆုံးဖြတ်ခြင်း”

၆။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၁၈ ကို အောက်ပါအတိုင်းအစားထိုးရမည်-

“၁၈။ ဥက္ကဋ္ဌသည် ပုဒ်မ ၁၆ သို့မဟုတ် ပုဒ်မ ၁၇ သို့မဟုတ် ပုဒ်မ ၁၇-က သို့မဟုတ် ပုဒ်မ ၁၇-ခ အရ တင်သွင်းသောတင်သွင်းလွှာ ပြည့်စုံမှုရှိမရှိစစ်ဆေးတင်ပြရန် နိုင်ငံတော်သမ္မတက ရွေးချယ်သည့် အဖွဲ့ဝင်များအနက်မှတစ်ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်သည့် အဖွဲ့ဝင်များအနက်မှ တစ်ဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်သည့်အဖွဲ့ဝင်များအနက်မှ တစ်ဦးတို့ ပါဝင်သော တင်သွင်းလွှာစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်။”

၇။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၁၉ ၌ ပါရှိသော “စိစစ်ရေးအဖွဲ့သည် တင်ပြချက်များနှင့်စပ်လျဉ်း၍” ဆိုသည့် စကားရပ်အစား **“တင်သွင်းလွှာစစ်ဆေးရေးအဖွဲ့သည် တင်သွင်းလွှာနှင့်စပ်လျဉ်း၍”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၁၉ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်းအစားထိုးရမည်-

“(က) ပုဒ်မ ၁၂ပါလုပ်ငန်းတာဝန်များအနက် မည်သည့်အချက်ကို တင်သွင်းကြောင်း ခွဲခြားစစ်ဆေးရမည်။ စပ်ဆိုင်သော အချက်အလက်များနှင့် ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်းများ ရှင်းလင်းပြည့်စုံစွာ ပူးတွဲပါရှိခြင်း ရှိမရှိစစ်ဆေးရမည်။ ယင်းသို့ စစ်ဆေးရာတွင် ပြည့်စုံမှု မရှိကြောင်း တွေ့ရှိပါက လိုအပ်ချက်များကို သတ်မှတ်ချိန်အတွင်း တင်ပြစေရမည်။ ရှင်းလင်းပြည့်စုံအောင် တင်သွင်းခြင်းမပြုပါက တင်သွင်းလွှာကို ငြင်းပယ်နိုင်သည်။”

၉။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ(ခ) တွင်ပါရှိသော **“ပြန်လည်ရှင်းလင်းရမည့်”** ဆိုသည့်စကားရပ်နောက်၌ **“သို့မဟုတ် တင်သွင်းလွှာနှင့် အကျိုးသက်ဆိုင်သော”** ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၁၀။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၂၁ ၏ ပုဒ်မခွဲ(စ)ကို ပယ်ဖျက်ရမည်။

၁၁။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ၂၁၏ နောက်တွင် ပုဒ်မ ၂၁-ကကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

“ ၂၁-က ခုံရုံးသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် တရားမကျင့်ထုံးဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံအက်ဥပဒေပါပြဋ္ဌာန်းချက်များမှ စပ်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ဆီလျော်သလို ကျင့်သုံးဆောင်ရွက်နိုင်သည်။”

၁၂။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၂၂၏ ခေါင်းစဉ်ကို အောက်ပါအတိုင်းအစားထိုးရမည်-

“ အဓိပ္ပာယ် ဖွင့်ဆိုခြင်း၊ သဘောထားပြန်ကြားခြင်း၊ ဆုံးဖြတ်ခြင်း”

၁၃။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၂၂ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၂၂။ ခုံရုံးသည်-

(က) ကြားနာပြီးနောက် အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သဘောထား၊ ဆုံးဖြတ်ချက်ကို ဆောလျင်စွာချမှတ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

(ခ) အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သဘောထား၊ ဆုံးဖြတ်ချက်ချမှတ်မည့်နေ့ကို ကြိုတင်ကြေညာရမည်။

(ဂ) ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် သဘောထားကို ခုံရုံး၏ ထက်ဝက်ကျော် သဘောတူညီချက်ဖြင့် ချမှတ်ရမည်။

(ဃ) ခုံရုံး၏ ဆုံးဖြတ်ချက်ကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ထက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့် ချမှတ်ရမည်။

(င) ပုဒ်မ ၁၂ပုဒ်မခွဲ(က)အရ တင်သွင်းလွှာများအတွက် ခုံရုံး၏ အဓိပ္ပာယ် ဖွင့်ဆိုချက်အဖြစ်လည်းကောင်း။ ပုဒ်မ ၁၇-က၊ ၁၇-ခအရ တင်သွင်းလွှာများအတွက် သဘောထားအဖြစ်လည်းကောင်း၊ ပုဒ်မ ၁၂ပုဒ်မခွဲ (ဃ)၊ (င)၊ (စ)နှင့် (ဆ)တို့အရ တင်သွင်းလွှာများအတွက် ဆုံးဖြတ်ချက်အဖြစ်လည်းကောင်း ချမှတ်ရာတွင် ခုံရုံးကိုယ်စားဥက္ကဋ္ဌက လက်မှတ်ရေးထိုး၍ဥက္ကဋ္ဌက ဖြစ်စေ၊ ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ အဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ အများပြည်သူရှေ့မှောက်တွင် ဖတ်ကြားရမည်။”

၁၄။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မ ၁၉ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၂၀၊ ပုဒ်မ ၂၁တို့တွင်ပါရှိသော **“တင်ပြချက်”**ဆိုသည့် စကားရပ်ကို **“တင်သွင်းလွှာ”**ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၅။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၂၄ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၂၄။ ခုံရုံး၏အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားတို့သည် အပြီးအပြတ်အတည်ဖြစ်သည်။”

၁၆။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၂၅ ကို အောက်ပါအတိုင်း ပြဋ္ဌာန်းရမည်-

“၂၅။ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားတို့သည် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်များသို့လည်းကောင်း၊ သက်ဆိုင်ရာနေရာဒေသ အသီးသီးသို့လည်းကောင်း အာဏာသက်ရောက်စေရမည်။”

၁၇။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၃၅ တွင်ပါရှိသော **“ဆုံးဖြတ်ချက်များ”**ဆိုသည့် စကားရပ်၏နောက်၌ **“အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် သဘောထားများ”** ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

---

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**